ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၆.၁၂.၂၀၁၉)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်သဘာဝ ရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ (ခ)အရ လွှတ်တော်သို့ ဖတ်ကြား ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) (၁၃.၂.၂၀၁၉)ရက်၌ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် တင်သွင်းတဲ့ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၅.၄.၂၀၁၉) ရက်နေ့၊ (၄.၇.၂၀၁၉) ရက်နေ့၊ (၇.၇.၂၀၁၉)ရက်နေ့နှင့် (၂၀.၁၁.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန (ရေဝေရေလဲ)၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများသည် အဆိုပါဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ(၄)၊ အပိုဒ်(ဋ)နှင့်အညီ ရှမ်းပြည်နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့)(၁၃.၂.၂၀၁၉)ရက်၌ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဥာဏ်က တင်သွင်း ခဲ့ပါတယ်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း(၁၀)ခန်း၊ ပုဒ်မပေါင်း (၃၂)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ အရ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော ကန့်လန့်ဖြတ်ဇယားပါ အပိုဒ်တစ်ခုချင်းကို စာမျက်နှာအလိုက် တင်ပြ၍ လွှတ်တော်၏အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကနေပြီးတော့မှ အမှတ်စဉ် တစ်ခုချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုချက်မှာ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ နိဒါန်းအဖြစ် ရှမ်းပြည်နယ်

အတွင်းရှိ သဘာဝရေထွက်တော၊ ရေထိန်းတောများဖြစ်သည့် သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့ရေး၊ စနစ်တကျ ထိန်းသိမ်းကာကွယ်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော် သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ခ)အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဂ)အဖြစ် ဝန်ကြီးဌာနဆိုသည်မှာ ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကိုဆိုသည်ဟု ဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၄) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(ဂ)ကို ပုဒ်မ ၂(ဃ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ်(၅) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂(င)အဖြစ် တိုင်း သို့မဟုတ် ဒေသ ဦးစီးဆိုသည်မှာ ရှမ်းပြည်နယ်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသဦးစီးအဖွဲ့ကိုဆိုသည် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ်(၆) ဖြစ်ပါတယ်။ အခန်း (၁)၊ ပုဒ်မ ၂ (ဃ) ကို ပုဒ်မ ၂ (စ) အဖြစ်၊ ပုဒ်မ ၂ (င) ကို ပုဒ်မ ၂ (ဆ) အဖြစ်၊ ပုဒ်မ ၂ (စ) ကို ပုဒ်မ ၂ (ဇ) အဖြစ်၊ ပုဒ်မ ၂ (ဆ) ကို ပုဒ်မ ၂ (ဈ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၁)မှ(၆)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁) မှ (၆) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၇)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (စ) အဖြစ် ဦးစီးဌာနဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာနနှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၈) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဆ)အဖြစ် ညွှန်ကြားရေးမှူး ဆိုသည်မှာ ပြည်နယ်သစ်တောဦးစီးဌာန နှင့် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန တို့၏ ညွှန်ကြားရေးမှူးကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၉) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ၂(ဇ)အဖြစ် သစ်တောဝန်ထမ်း ဆိုသည်မှာ တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာန၏ အဆင့်ဆင့် သောစီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ထမ်းကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ)အဖြစ် ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေး ကော်မတီ အဆင့်ဆင့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ်(၁၁) ဖြစ်ပါတယ်။ မူလအခန်း(၁)၊ ပုဒ်မ ၂ (ဇ)ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ်(၁၂) ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဈ) ကို ပုဒ်မ ၂(ည)အဖြစ်၊ ပုဒ်မ ၂(ည) ကို ပုဒ်မ ၂(ဋ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၇)မှ(၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇) မှ (၁၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** တင်ပြခွင့်ပြုပါခင်ဗျား။ အမှတ်စဉ်(၇)နဲ့ အမှတ်စဉ်(၈)ကတော့ ဒီဥပဒေနှင့် ပတ်သက်ပြီး တာဝန်ခံဌာန ဆောင်ရွက်မဲ့ဌာနကို တာဝန်ပေးနိုင်ဖို့ရန်အတွက် အမည်နှင့် အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ စောစောက အစည်းအဝေး မစခင်မှာ မူလဥပဒေကြမ်းတင်သွင်းသူ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းထွန်းညာဏ်နှင့် ဆွေးနွေးတဲ့အခါမှာ မူလအဆိုပြုချက်ဖြစ်တဲ့ သစ်တောဦးစီးဌာန တစ်ခုထဲကိုပဲထားရှိဖို့၊ ညွှန်ကြားရေးမှူးကိုလည်း၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး တစ်ယောက် ထဲကိုပဲ ထားရှိဖို့နဲ့ ဌာန(၂)ခု၊ ညွှန်ကြားရေးမှူး (၂)ယောက်ကို ထည့်သွင်းထားမယ်ဆိုရင် လက်တွေ့လုပ်ငန်းဆောင်ရွက်တဲ့ အချိန်မှာ ဖြစ်စေ၊ လက်တွေ့ ညွှန်ကြားချက်များ ထုတ်ပြန် တဲ့အချိန်မှာ ဖြစ်စေ၊ နည်းဥပဒေပြဌာန်းတဲ့ အချိန်မှာ ဖြစ်စေ၊ လုပ်ပိုင်ခွင့်များ ရှုပ်ထွေးပြီးတော့ အခက်အခဲဖြစ် နိုင်တဲ့အတွက် မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ ကျွန်တော့်အနေနဲ့ အမှတ်စဉ် (၇)၊ အခန်း(၁)၊ ပုဒ်မ၂(စ)နှင့် အမှတ်စဉ် (၈)၊ အခန်း(၁)၊ ပုဒ်မ၂(ဆ) မူလအဆိုပြုချက်အတိုင်း ထားရှိဖို့ရန်အတွက် တင်ပြဆွေးနွေးအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၇)၊(၈)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်ကို ကန့်ကွက်၍ မူလအဆိုပြုချက်တိုင်း ထားရှိရန် တင်ပြသွားပါ တယ်။ ဒါကြောင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော် ဆန္ဒ ရယူတဲ့အခါမှာ စက်ခလုတ်က အနည်းငယ် ချို့ယွင်းတဲ့အတွက် မတ်တပ်ရပ်တဲ့ စနစ်နဲ့ပဲ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ် (၇)၊(၈)နှင့်ပတ်သက်လို့ ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။ ပြင်ဆင်ချက်ကို သဘောတူပါက မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် (၇)ဦးရှိပါတယ်။ ကျန်သည့် လွှတ်တော် ကိုယ်စားလှယ်များကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို သဘောမတူ ဟု ယူဆရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမှတ်စဉ် (၇)၊(၈)ဟာ မူလအဆိုပြုချက်ကိုပဲ အတည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၉)၊ (၁၀)၊ (၁၁)၊ (၁၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၁၃)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဋ)အဖြစ် ကြားခံနယ်မြေ ဧရိယာဆိုသည်မှာ သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာပြင်ပရှိ ရေထွက်တော၊ ရေထိန်းတောကို အထောက်အပံ့ပြုစေရေး အတွက် ဤဥပဒေအရ သတ်မှတ်ထားသော ဧရိယာအကျယ်အဝန်းကိုဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၄)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ ၂ (ဌ)အဖြစ် ဂေဟစနစ် ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကိုဆိုသည် ဟုဖြည့်စွက်သင့်ပါတယ်။

အမှတ်စဉ် (၁၅)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(က)အဖြစ် သဘာဝရေ ထွက်တော၊ ရေထိန်းတော အပါအဝင် ၎င်းပတ်ဝန်းကျင်ရှိ ရေထွက်ခြင်းကို အထောက်အပံ့ပြုနေသော သစ်တော၊ သစ်ပင်များနှင့်ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်ဟု ဖြည့်စွက်ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၁၆)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃(ခ)အဖြစ် လူသားတို့၏ ရာသီသီးနှံ စိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ လူနေအိမ် အဆောက်အအုံများ တိုးချဲ့ခြင်း၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လူသားတို့၏ ပယောဂကြောင့် သဘာဝရေအရင်းအမြစ်များ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းမှ ကာကွယ်ရန်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၇)ဖြစ်ပါတယ်။ အခန်း(၃)ခေါင်းစဉ်အဖြစ် ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၈)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(က)အဖြစ် ပြည်နယ်အတွင်းရှိ တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်နှင့် မြို့နယ်များတွင် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၉)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၄(ခ)အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်နှင့် မြို့နယ်သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊မြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ဥက္ကဋ္ဌ

(၂) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၃) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ဖွဲ့မှူးရုံး — အဖွဲ့ဝင်

(၅) တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊မြို့နယ်ဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ရပ်မိ၊ရပ်ဖကိုယ်စားလှယ်များ (ဒေသခံလူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ် ၄ ဦး ) — အဖွဲ့ဝင်များ

(၇) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အတွင်းရေးမှူး(၁)

ခရိုင်၊မြို့နယ်ဦးစီးမှူး၊ သစ်တောဦးစီးဌာန

(၈) တိုင်း သို့မဟုတ် ဒေသဦးစီး၊ အတွင်းရေးမှူး(၂)

ခရိုင်၊မြို့နယ် ဦးစီးမှူး၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၀)ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ ၄ (ဂ)ကို ပုဒ်မ ၅(က)အဖြစ် ၊ ပုဒ်မ ၅ ကို ပုဒ်မ ၅(ခ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၂၁)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ (က)အဖြစ် ပြည်နယ်ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီဝင်များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၂)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၅ (ခ)အဖြစ် ကော်မတီ၏ သက်တမ်းသည်အစိုးရအဖွဲ့ သက်တမ်းနှင့်အညီဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၁၃)မှ(၂၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၁၃)မှ(၂၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၃)ဖြစ်ပါတယ်။ အခန်း(၃)၊ ပုဒ်မ ၆(က)(ခ)(ဂ)(ဃ)(င)နှင့် (စ) အဖြစ်

(က) ကျေးလက်ဒေသရှိ သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းကို အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီကို ထပ်ဆင့်ဖွဲ့စည်းပေးရမည်။

(ခ) ဤဥပဒေအရ သဘာဝရေထွက်တော၊ ရေထိန်းတောနှင့်ဆိုင်သောဧရိယာအတွက် သစ်တောဥပဒေနှင့်အညီ ယခင်ရှိခဲ့သော အနေအထားအပေါ် အခြေခံ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်း ကာကွယ်ရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သတ်မှတ်ပေးရမည်။

(ဂ) သဘာဝရေထွက်တော၊ ရေထိန်းတောသဘာဝရေအရင်းအမြစ် ပိုမိုအထောက်အပံ့ ဖြစ်စေရန် သဘာဝရေထွက်တော၊ ရေထိန်းတော အရွယ်အစားပေါ် မူတည်ပြီး ကြားခံနယ်မြေဧရိယာကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ပေးရမည်။

(ဃ) သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ၊ ကြားခံနယ်မြေဧရိယာအတွင်း ကျရောက်သော အဆောက်အအုံများ တိုးချဲ့ခြင်းမရှိစေရေးနှင့် စိုက်ပျိုးမြေများကို နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများအဖြစ် ပြောင်းလဲစိုက်ပျိုးရန် ကြိုးကြပ်ရမည်။

(င) သဘာဝရေထွက်တော၊ ရေထိန်းတော ထိခိုက်ပျက်စီးသည်ဟု တိုင်ကြားလာပါက ကွင်းဆင်းစစ်ဆေးပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာများတွင် နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော

ပျိုးပင်များ၊ နည်းပညာများကို ဦးစီးဌာနနှင့် ဆက်သွယ်ပြီး အကူအညီပေးရမည်။

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၄)ဖြစ်ပါတယ်။ အခန်း(၄) ခေါင်းစဉ်အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၃)မှ(၂၄)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၃)မှ(၂၄) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၅)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၇ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်ကော်မတီသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ကော်မတီကို အဖွဲ့ဝင် (၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ အများားကြည်ညိုလေးစားသူ(၃)ဦး — အဖွဲ့ဝင်များ

( ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်

တာဝန်ကျ မြေတိုင်းစာရေး

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဖွဲ့ဝင်

တာဝန်ကျ စာရေး

( င) သစ်တောဦးစီးဌာနမှ အတွင်းရေးမှူး

နယ်မြေတာဝန်ခံ ဝန်ထမ်း

ဟုဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၅)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များ အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၅)ပါ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၂၆)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၈ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ၏ သက်တမ်းသည် အစိုးရအဖွဲ့သက်တမ်း နှင့်အညီ ဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၇)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၈)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ခ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောနှင့် သက်ဆိုင်သော ဧရိယာကို ယခင်ရှိခဲ့ဖူးသော အနေအထားအရ အများဆန္ဒနှင့်အညီ ဧရိယာသတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၉)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဂ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတော အထောက်အပံ့ဖြစ်စေရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတော အရွယ်အစားပေါ်မူတည်ပြီး ယခင်ရှိခဲ့ဖူးသော အနေအထားကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ အများဆန္ဒနှင့်အညီ ကြားခံနယ်မြေဧရိယာ သတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၀)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဃ)အဖြစ် ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောအဖြစ် ထိန်းသိမ်းသင့်ကြောင်း တင်ပြလာပါက ကွင်းဆင်းစိစစ်ပြီး အများဆန္ဒနှင့်အညီ ဧရိယာသတ်မှတ်ပြီး စီမံခန့်ခွဲနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၂၆)မှ(၃၀)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၂၆)မှ (၃၀) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၁)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(င)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာနှင့် ကြားခံနယ်မြေ

ဧရိယာတွင် ကျရောက်သော အဆောက်အအုံများကို စိစစ်မှတ်တမ်းတင်ပြီး တိုးချဲ့မှုမပြု စေရေး စီမံကြပ်မတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(စ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာအတွင်း တည်ရှိနေသော စိုက်ပျိုးမြေများကို နှစ်ရှည်ပင်၊ ဥယျာဉ်ခြံအဖြစ် ပြောင်းလဲစိုက်ပျိုးစေရန် စီမံဆောင်ရွက်ရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၃)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၉(ဆ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာနှင့် ကြားခံနယ်မြေဧရိယာတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများ ပြောင်းလဲ စိုက်ပျိုး လုပ်ကိုင်ရာတွင် လိုအပ်သော ပျိုးပင်၊ နည်းပညာ အကူအညီများရရှိရန် မြို့နယ်၊ ခရိုင်ကော်မတီ မှတစ်ဆင့် ဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖြည့်စွက် ပြင်ဆင် သင့်ပါတယ်။

အမှတ်စဉ် (၃၄)ဖြစ်ပါတယ်။ အခန်း(၅) ခေါင်းစဉ်အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာနှင့် ကြားခံနယ်မြေဧရိယာသတ်မှတ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့် ပါတယ်။

အမှတ်စဉ် (၃၅)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(က)အဖြစ် မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီသည် သဘာဝရေထွက်များတည်ရှိရာ ပတ်ဝန်းကျင်ရှိ သစ်တော၊ တောအုပ်အစုများကို အရွယ်အစားပေါ်မူတည်၍လည်းကောင်း၊ ယခင်ရှိခဲ့ဖူးသော အနေအထား ပေါ်မူတည်၍လည်းကောင်း၊ သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ အဖြစ် အများဆန္ဒ နှင့်အညီ သတ်မှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၁)မှ(၃၅)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၁)မှ(၃၅) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၆)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(ခ)အဖြစ် မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတော အထောက်အပံ့ဖြစ်စေရေးအတွက် ရေထွက်တော အရွယ်အစားနှင့် ယခင်ရှိခဲ့ဖူးသော အနေအထားပေါ်မူတည်၍ အများဆန္ဒနှင့်အညီ ကြားခံနယ်မြေဧရိယာအဖြစ် သတ်မှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၇)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၁၀(ဂ)အဖြစ် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာနှင့် ကြားခံနယ်မြေဧရိယာ သတ်မှတ်ရာတွင် ဒေသခံပြည်သူများ၏ အများဆန္ဒနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို အခြေခံပြီး သတ်မှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၈)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မတီသည် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ခြင်း၊ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သဘာဝရေထွက်တော၊ ရေထိန်းတောနှင့် ကြားခံနယ်မြေဧရိယာအတွင်းတည်ရှိနေသော အဆောက်အအုံများ တိုးချဲ့မှု မပြုလုပ်စေရန်နှင့် စိုက်ပျိုးမြေများတွင် နှစ်ရှည်ဥယျာဉ်ခြံ စိုက်ပျိုးခြင်းလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၉)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၂(ခ) အဖြစ် အခြားစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၃၆)မှ(၃၉)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၃၆)မှ(၃၉) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏

အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၀)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၃ အဖြစ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်ကော်မတီသို့ အယူခံနိုင်သည်ဟု ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၁)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၄ အဖြစ် မြို့နယ်သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ခရိုင်၊ တိုင်း သို့မဟုတ် ဒေသဦးစီးကော်မတီသို့ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၂)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၅ အဖြစ် တိုင်း သို့မဟုတ် ဒေသဦးစီး၊ ခရိုင် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးကော်မတီက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၀)မှ(၄၂)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၀)မှ(၄၂) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၃)ဖြစ်ပါတယ်။ မူလ အခန်း(၇) ပုဒ်မ ၁၆ ကိုပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၄၄)ဖြစ်ပါတယ်။ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၅)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ အဖြစ် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၆)ဖြစ်ပါတယ်။ အခန်း(၈) ပုဒ်မ ၁၈ ကို ပုဒ်မ ၁၇ အဖြစ်၊ ပုဒ်မ ၁၉ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၂၀ ကို ပုဒ်မ ၁၉ အဖြစ်၊ ပုဒ်မ ၂၁ ကို ပုဒ်မ ၂၀ အဖြစ်၊ ပုဒ်မ ၂၂ ကို ပုဒ်မ ၂၁ အဖြစ်၊ ပုဒ်မ ၂၃ ကို ပုဒ်မ ၂၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၇)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၇ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာအတွင်း တည်ရှိနှင့်ပြီးသော အဆောက်အအုံမှအပ ထပ်မံတည်ဆောက်ခြင်း၊ သဘာဝအတိုင်း ပေါက်ရောက်သော သစ်ပင်များ ခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၈)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၈ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာအတွင်း စိုက်ပျိုးမြေများ၊ မြေလွတ်၊ မြေလပ်များ ပါဝင်နေပါက စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၄၃)မှ(၄၈)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၃)မှ(၄၈) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၄၉)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၁၉ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော သဘာဝရေထွက်တော၊ ရေထိန်းတော ဧရိယာအတွင်း တည်ရှိနေသော စိုက်ပျိုး မြေ၊ မြေလွတ်၊ မြေလပ်များတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံများမှအပ ဂေဟစနစ်ကို ပျက်စီးစေသော အခြားစီမံခန့်ခွဲမှုမျိုးမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၀)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၀ အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော ကြားခံနယ်မြေဧရိယာအတွင်း တည်ရှိနှင့်ပြီးသော အဆောက်အအုံမှအပ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၁)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၁ အဖြစ် သတ်မှတ်ထားသော ကြားခံနယ်မြေဧရိယာအတွင်း စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေလပ်များ ပါဝင်နေပါက စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၂)ဖြစ်ပါတယ်။ အခန်း(၈)၊ ပုဒ်မ ၂၂ အဖြစ် သတ်မှတ်ထားသော ကြားခံနယ်မြေဧရိယာအတွင်း တည်ရှိနေသော စိုက်ပျိုးမြေ၊ မြေလွတ်၊ မြေလပ်များတွင် နှစ်ရှည်ပင်၊ ဥယျာဉ် ခြံများမှအပ အခြားစီမံခန့်ခွဲမှုမျိုး ပြုလုပ်ခြင်းမပြုရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၃)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်၊ ပုဒ်မ ၂၅ ကို ပုဒ်မ ၂၄ အဖြစ်၊ ပုဒ်မ ၂၆ ကို ပုဒ်မ ၂၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

အမှတ်စဉ် (၄၉)မှ(၅၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက်များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၄၉)မှ(၅၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၅၄)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၃ အဖြစ် မည်သူမဆို ပုဒ်မ ၁၇ နှင့် ၁၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၅)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၄ အဖြစ် မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၆)ဖြစ်ပါတယ်။ အခန်း(၉)၊ ပုဒ်မ ၂၅ အဖြစ် မည်သူမဆို ပုဒ်မ ၂၀ ၊ ၂၁ နှင့် ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၃) လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၇)ဖြစ်ပါတယ်။ မူလ အခန်း(၉) ပုဒ်မ ၂၇ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၄)မှ(၅၇)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၄)မှ(၅၇) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးခွန်ဒီဂေါလ်၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၅၈)ဖြစ်ပါတယ်။ မူလအခန်း(၁၀) ပုဒ်မ ၂၈ ကို ပယ်ဖျက်သင့်ပါတယ်။

အမှတ်စဉ် (၅၉)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ ကို ပုဒ်မ ၂၆ အဖြစ်၊ ပုဒ်မ ၃၀ ကို ပုဒ်မ၂၇ အဖြစ်၊ ပုဒ်မ ၃၁ ကို ပုဒ်မ ၂၈ အဖြစ်၊ ပုဒ်မ ၃၂ ကို ပုဒ်မ ၂၉ အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

အမှတ်စဉ် (၆၀)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၆ အဖြစ် တရားရုံးသည် ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ အရ ပြစ်မှုထင်ရှား စီရင်ရာတွင် သက်ဆိုင်ရာ ပြစ်မှုအတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်နိုင်သည့်အပြင် ရက်ပေါင်း(၃၀)အတွင်း ဆောင်ရွက်ရန် သို့မဟုတ် ဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၁)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၇ အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် သက်ဆိုင်ရာကော်မတီ သို့မဟုတ် ဦးစီးဌာနမှ ဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရား များကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများပေးရ မည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၂)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၈ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို သဘောရိုးဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်နေသော ကော်မတီ သို့မဟုတ် ဦးစီးဌာန ဝန်ထမ်းများအပေါ် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ အရေးယူခြင်း မရှိစေရဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၆၃)ဖြစ်ပါတယ်။ အခန်း(၁၀)၊ ပုဒ်မ ၂၉ အဖြစ် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။

အမှတ်စဉ် (၅၈)မှ(၆၃)အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ရန် အကြံပြုချက် များအတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် (၅၈)မှ(၆၃) အထိ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အဆိုများသည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဤအဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောမတူသည့်သူ ရှိပါသလားခင်ဗျား။ သဘောမတူသည့်သူ မရှိသည့်အတွက် အဆိုသည် အတည်ပြု၍ ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) (၁၃-၂-၂၀၁၉)ရက်နေ့၌ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်

ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဤဥပဒေတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။